## သတင်းထုတ်ပြန်ချက်

### တီဘီလူနာများအတွက် အကောင်းဆုံး စောင့်ရှောက်မှုပေးနိုင်ရန် ပံ့ပိုးကူညီခြင်း

***ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေး ဦးစီးဌာန၏ မန္တလေး တီဘီရောဂါ အထူးကုဆေးရုံကြီးတွင် လူနာစောင့်များ တည်းခိုနေထိုင်ရန် အဆောက်အဦတစ်ခုကို 3MDG မှ ပံ့ပိုးပြီး ဆောက်လုပ်ပြီးစီး***

မန္တလေး၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေ (3MDG) တို့သည် မန္တလေး တီဘီရောဂါ အထူးကုဆေးရုံကြီးတွင် လူနာစောင့်များ တည်းခိုနေထိုင်ရန် အဆောင်အသစ်ကို ယနေ့ ဖွင့်လှစ်ခဲ့ပါသည်။

မန္တလေး တီဘီရောဂါအထူးကုဆေးရုံကြီးသည် မြန်မာနိုင်ငံ အထက်ပိုင်းမှ တီဘီလူနာများ တီဘီဆေးဝါး ကုသမှုခံယူရာ အဓိက ဆေးရုံတစ်ခုဖြစ်ပါသည်။ ဆေးရုံ တက်ရောက်ကုသသော လူနာအများစုမှာ ဆေးယဉ်ပါးတီဘီရောဂါ၊ ပြင်းထန် အဆုတ်တီဘီရောဂါ၊ တီဘီ/အိတ်ချ်အိုင်ဗီ ယှဉ်တွဲလူနာ၊ အခြားရောဂါများနှင့် ယှဉ်တွဲဖြစ်ပွားသော တီဘီရောဂါ (အသည်းရောင်၊ ကျောက်ကပ်၊ ဆီးချို၊ သွေးတိုး စသည်) နှင့် တီဘီဆေး၏ နောက်ဆက်တွဲ ဆိုးကျိုးများ ခံစားနေရသော လူနာများ ဖြစ်ပါသည်။ များသောအားဖြင့် လူနာအများစုသည် ကုသမှုခံယူရန် ခရီးဝေးမှ လာရလေ့ရှိပြီး ဆေးရုံတက်ရသည့် ကာလမှာလည်း လူနာ၏ ဆေးဝါးကုသမှုအပေါ် တုန့်ပြန်ချက်ကို မူတည်၍ လချီ၍ ကြာလေ့ရှိပါသည်။

သို့ဖြစ်ပါ၍ ဆေးရုံတက်ရသည့်ကာလ ကြာရှည်လာသည်နှင့်အမျှ လူနာ၏ မိသားစုဝင်များ နေထိုင်ချက်ပြုတ်ရန်အတွက်လည်းကောင်း၊ တီဘီရောဂါ ကူးစက်မှုမှ ကာကွယ်ရန်အတွက်လည်းကောင်း (Infection Control) ရည်ရွယ်၍ လူနာစောင့်များအတွက် တည်းခိုဆောင် အသစ်တစ်ခုကို မန္တလေး တီဘီရောဂါ အထူးကုဆေးရုံကြီးတွင် ယနေ့ ဖွင့်လှစ်ခဲ့ပါသည်။

ဤဖွင့်ပွဲ အခမ်းအနားကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ကိုယ်စားလှယ်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မန္တလေးတိုင်းဒေသကြီး ကုသရေး ဦးစီးဌာနမှူးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၊ အရာရှိကြီးများ၊ ပုသိမ်ကြီး တီဘီဆေးရုံအုပ်ကြီးနှင့် ဆေးရုံဝန်ထမ်းများ၊ အမျိုးသား တီဘီရောဂါ တိုက်ဖျက်ရေး စီမံကိန်းမှ စီမံကိန်းမန်နေဂျာ ဒေါက်တာ စည်သူအောင်တို့ တက်ရောက်ခဲ့ပါသည်။

အဆိုပါ တည်းခိုဆောင်တွင် လူဦးရေ ၄၀ ခန့် နေထိုင်နိုင်ပြီး အမျိုးသား၊ အမျိုးသမီးဆောင် သီးသန့် ပါဝင်ကာ မီးဖိုဆောင်နှင့် သန့်စင်ခန်းများလည်း ပါဝင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ လူနာစောင့်များသည် ဆေးရုံဝန်း အတွင်းတွင်ပင် နေထိုင်နိုင်ပြီး လူနာများကို စောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်ပါသည်။

ဆေးယဉ်ပါး တီဘီရောဂါသည် လပေါင်း ၂၀ ခန့် ကုသရသည့်အတွက် လူနာများသည် ကနဦးဆေးကုသကာလတွင် အလုပ်လုပ်ကိုင်နိုင်စွမ်း ရှိမည်မဟုတ်ပါ။ ထို့ပြင် ကုသမှုသည် ဘေးထွက်ဆိုးကျိုး ရှိသည့်အတွက် ယင်းကဲ့သို လူနာစောင့် တည်းခိုဆောင်ထားရှိပေးခြင်းဖြင့် လူနာများအတွက် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးထောက်ပံ့မှုများကို လူနာစောင့်များက အနီးကပ် ပေးနိုင်မည်ဖြစ်ပါသည်။

အသက် ၂၄ နှစ်အရွယ် ကိုကိုမောင်နှင့် ၄င်း၏ ညီမတို့သည် ဆေးယဉ်ပါးတီဘီရောဂါ ကုသရန် မန္တလေး တီဘီရောဂါ အထူးကုဆေးရုံကြီးတို့ တက်ရောက်နေကြပါသည်။ ၄င်းတို့သည် ဇာတိမြို့ဖြစ်သော မလှိုင်မြို့သို့ သွားသည့်အခါ ကားစီးလုံး ငှားရမ်းရသည့်အတွက် ငွေကြေး မတတ်နိုင်ခြင်းကြောင့် ဆေးရုံတွင်ပင် တက်ရောက်နေသည်မှာ ခြောက်လခန့် ရှိပြီဖြစ်ပါသည်။ ဆေးယဉ်ပါးတီဘီ လူနာများသည် ရောဂါပျောက်ကင်းမှု မရှိမခြင်း အများသူငှာ သွားလာသည့် ယဉ်များဖြင့် မသွားရောက်သင့်ပါ။

ယင်းကဲ့သို့ လူနာစောင့်များ တည်းခိုဆောင် တည်ဆောက်ပေးခြင်းသည် ၄င်းကိုယ်တိုင်နှင့် ၄င်း၏ ညီမအတွက် အကျိုးကျေးဇူး များစွာဖြစ်စေသည်ဟု ၄င်းက ပြောပါသည်။

"ကျွန်တော့် မိသားစုနဲ့ အမြဲ တွေ့နေရတာက ကျွန်တော့်အတွက် အရမ်း အထောက်အကူဖြစ်ပါတယ်။ ကျွန်တော်တို့ ဆေးရဲ့ ဘေးထွက်ဆိုးကျိုးတွေကို ခံစားနေရတဲ့အခါ မိသားစုက ဂရုတစိုက်နဲ့ အားပေးလို့ရပါတယ်။ လူနာစောင့်တွေ အတွက် ကြည့်ရင်လည်း အရမ်း အဆင်ပြေပါတယ်။ သူတို့ လူနာတွေနဲ့အတူ ဆေးရုံမှာ နေစရာ မလိုတော့ဘူးပေါ့" ဟု ကိုကိုမောင်က ပြောပါသည်။

3MDG သည် အလှူရှင်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့၏ မတည်ပံ့ပိုးမှုများကိုစုပေါင်းထားသောရန်ပုံငွေတစ်ရပ်ဖြစ်ပါသည်။ ဤ လူနာစောင့် တည်းခိုဆောင်သည် မြန်မာနိုင်ငံ၏ တီဘီရောဂါတိုက်ဖျက်ရေး လုပ်ငန်းများအတွက် 3MDG မှ ပံ့ပိုးသည့် အခြေခံ အဆောက်အဦး လေးခုအနက်မှ ပထမဦးဆုံး ဖွင့်လှစ်သောအဆောက်အဦး ဖြစ်ပါသည်။ ဆက်လက်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တည်ဆောက်လျက်ရှိသောကျန်အဆောက်အဦးသုံးခုကို ၂၀၁၈ ခုနှစ်

အစေပိုင်းတွင် ဖွင့်လှစ်သွားမည် ဖြစ်ပါသည်။ ၎င်း အဆောက်အဦများတွင် တီဘီရောဂါ ရှာဖွေရေး အဆင့်မြင့်ဓာတ်ခွဲခန်းတစ်ခုနှင့် ပြင်ပလူနာဌာန နှစ်ခုပါဝင်ပြီးအဆိုပါ ပြင်ပဌာနများတွင် တစ်နေ့လျှင်လူနာ ၂၅၀ ခန့် ကို ကြည့်ရှုပေး နိုင်မည်ဖြစ်ပါသည်။

တီဘီရောဂါသည် မြန်မာနိုင်ငံတွင် အရေးကြီးသောကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပြီးအသက် ၁၅ နှစ်မှ ၄၉ နှစ်အတွင်းရှိ ပြည်သူများတွင်အဓိကသေဆုံးစေသောရောဂါတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ် တီဘီရောဂါလူနာအသစ် ၁၅၀,၀၀၀ ခန့် တွေ့ရှိလျက်ရှိရာအဆိုပါ အဆောက်အဦးများသည် တီဘီရောဂါ တိုက်ဖျက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ ဆေးရုံများ၊ တီဘီရောဂါ ကုသရေးဌာနများအပြင် ယင်းလူနာစောင့်တည်းခိုဆောင်ကဲ့သို့ထောက်ပံ့မှုများကလည်းလူနာများအတွက် ကုသမှု ခံယူရာတွင် လက်လှမ်းမီမှုကို ပိုမိုတိုးမြှင့်ပေးပြီး ကုသမှုကိုပြီးဆုံးသည်အထိခံယူနိုင်ခြင်းကို အထောက်အပံ့ ဖြစ်စေပါသည်။ ထို့ပြင် တီဘီရောဂါ ဆက်လက်ပြန့်ပွားခြင်းနှင့် ဆေးယဉ်ပါးမှု ဖြစ်ပွားခြင်းကို တားဆီးရန် အရေးပါသော ပံ့ပိုးမှု တစ်ရပ်ဖြစ်စေပါသည်။

3MDG သည် ယခုကဲ့သို့ အဆောက်အဦးများတည်ဆောက်ပေးခြင်းအပြင် ဆေးယဉ်ပါးတီဘီလူနာများအတွက် အရေးပါသည့် ထောက်ပံ့မှုများဖြစ်သည့် လူနာများအား နေ့စဉ် တစ်နေ့နှစ်ကြိမ် စောင့်ကြပ်ကြည့်ရှု တီဘီဆေး တိုက်ကျွေးခြင်းနှင့် လစဉ် ငွေကြေးနှင့် အာဟာရဆိုင်ရာထောက်ပံ့မှုများကို ပေးအပ်လျက်ရှိပါသည်။

## <u>3MDG ၏ နောက်ခံအချက်အလက်များ</u>

ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်သုံးမျိုးရန်ပုံငွေသည် မြန်မာနိုင်ငံတွင် ကျန်းမာရေးနှင့် သက်ဆိုင်သော ထောင်စုနှစ်ဖွံ့ဖြိုးမှုဆိုင်ရာ ရည်မှန်းချက် (၃) ခု ပြည့်မီစေရန် ကြိုးပမ်းရာတွင်ကူညီမှုများကို ပေးသွားမည် ဖြစ်ပါသည်။ ထိုရည်မှန်းချက်များမှာ – ကလေးသေဆုံးမှုနှုန်းကိုလျှော့ချရန်၊ မိခင်များ၏ ကျန်းမာရေး တိုးတက်ကောင်းမွန်ရန်၊ အိပ်ချ်အိုင်ဗွီ၊တီဘီနှင့် ငှက်ဖျားရောဂါများကိုတိုက်ဖျက်ရန်တို့ ဖြစ်ပါသည်။
3MDG သည် မိခင်၊မွေးကင်းစကလေးနှင့်ကလေးများ၏ ကျန်းမာရေးအတွက် အရည်အသွေး ပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန်အတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ပိုမို အားကောင်း၍ ထိရောက်သောကျန်းမာရေးစနစ်တစ်ခု ဖြစ်ပေါ်လာစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏

ဆောင်ရွက်မှုတွင်လည်းကူညီထောက်ပံ့လျက်ရှိပါသည်။ ဤရန်ပုံငွေကို ၂၀၁၂ ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့မှ ရန်ပုံငွေကူညီပံ့ပိုးသည့် ငါးနှစ်တာစီမံကိန်းကြီးတစ်ခု ဖြစ်ပါသည်။ ဤရန်ပုံငွေကို United Nations Office of Project Services (UNOPS) က စီမံခန့်ခွဲလျက်ရှိပါသည်။

အသေးစိတ် သိရှိလိုပါက www.3mdg.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။


အသေးစိတ် သိရှိလိုပါကဆက်သွယ်ရန် -

မယမုံဖူးသစ် (Communications Analyst, 3MDG)

Email: yamont@unops.org Mobile: +95 (0)9 7916 39052




*လူနာစောင့်များ တည်းခိုဆောင် ပင်မအဆောက်အဦ*
*(လူနာစောင့်များ တည်းခိုဆောင်၊* မန္တလေးမြို့ တီဘီရောဂါ အထူးကုဆေးရုံကြီး*)*



*မီးဖိုဆောင်တွင် ရေရရှိမှုကို စစ်ဆေးနေပုံ*
*(လူနာစောင့်များ တည်းခိုဆောင်၊ မန္တလေးမြို့ တီဘီရောဂါ အထူးကုဆေးရုံကြီး)*

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Embassy of Switzerland in Myanmar

3MDG IS MANAGED BY UNOPS